***KNU Concerned Group***

**လက်ရှိမြန်မာပြည်အတွင်း တပ်မတော်မှအဓမ္မစစ်အာဏာသိမ်းခြင်းအပေါ်**

**KNU Concerned Group မှ သဘောထားထုတ်ပြန်ကြေညာချက်**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)နေ့ပါနေ့စွဲဖြင့် အမိန့်အမှတ်(၁/၂၀၂၁)အရ တပ်မတော်မှ အာဏာသိမ်းသည့်အမိန့် ကြေညာစာထုတ်ပြန်ခဲ့သည်။ ထိုအမိန့်ကြေညာစာအရ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သောအထွေထွေရွေးကောက်ပွဲရလဒ်အပေါ် အနိုင်ရပါတီဖြစ်သော NLD ပါတီ၏ နိုင်ငံရေးအာဏာကို တပ်မတော်မှအဓမ္မအာဏာသိမ်းယူလိုက်သည်ဖြစ်သောကြောင့် KNU Concerned Group မှ ပြင်းထန်စွာ ရှုံ့ချကန့်ကွက်သည်။

၂။ NLD ပါတီအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံသော်လည်း အပြုသဘောဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်မှစ၍ ရွေးကောက်ပွဲဝင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်လည်း အပြတ်အသတ်အနိုင်ရခဲ့ကာ လွှတ်တော်အတွင်း ဖွဲ့စည်းပုံပြင်ဆင်ရေးကို ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်းတွေ့ရသည်။ ထို့နည်းတူစွာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)ပေါ်အခြေခံ၍ နိုင်ငံရေးဆွေးနွေးပွဲမှတဆင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ ထို့အတွက်ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန်အတွက် လွှတ်တော်အတွင်း၌လည်းကောင်း၊ NCA စာချုပ်ကိုအခြေခံ၍သော်လည်းကောင်း ပြင်ဆင်၍လုံးဝမရနိုင်ကြောင်းကို သက်သေပြနေပြီး ဖြစ်သည်။

၃။ ထို့အတူ တပ်မတော်မှ ယခုကဲ့သို့ စစ်အာဏာသိမ်း၍ ဖွဲ့စည်းလိုက်သည့်အုပ်ချုပ်ရေးလုပ်ငန်းများကို မိမိတို့ KNU Concerned Group မှ လုံးဝလက်မခံပါ။ ကရင့်တော်လှန်ရေးနယ်မြေအတွင်း မိမိတို့ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှချမှတ်ခဲ့သည့် ကော်သူးလေအုပ်ချုပ်ရေးစနစ်နှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအခြေခံ၍ ဆောင်ရွက်ထိန်းသိမ်းကာကွယ်သွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ -

- ကရင့်လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သော DKBA၊ KNU/KNLA PC၊ BGF စသည်တို့သည်လည်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA နှင့်ပူးပေါင်း၍ ကော်သူးလေတပ်မတော်တစ်ရပ်အနေဖြင့် ကရင်အမျိုးသားများနှင့်အတူ တိုင်းရင်းသားပြည်သူလူထုများအား ကာကွယ်စောင့်ရှောက်သွားရန်။
- တပ်မတော်မှအဓမ္မစစ်အာဏာသိမ်းခြင်းကို ပြည်သူလူထုအနေဖြင့် လုံးဝလက်မခံပဲ တခဲနက်ဆန့်ကျင်တို့ ပြန်ကြရန်။
- တပ်မတော်မှ အဓမ္မစစ်အာဏာသိမ်းသည့် စစ်အစိုးရအား နိုင်ငံတကာအသိုင်းအဝိုင်းများမှ အသိအမှတ်မပြုပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

KNU Concerned Group

**ဆက်သွယ်ရန်-** ၁။ နော်စီဖိုးရာစိန် - (+၆၆) ၆၁၃-၄၈၀၀-၆၇

၂။ စောနယ်ဒါးမြ - (+ ၆၆) ၉၅၆ ၈၄၃၆-၅၀